# သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်၏အတိုးနှုန်း ၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ်တောင်းခံနိုင်သည့် အတိုးနှုန်းများပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၄/၂၀၂၀) အား ၂၀၂၀ ပြည့်နှစ် ၊ မတ်လ ၂၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေငြာလိုက်သည်။ ညွှန်ကြားချက်အပြည့်အစုံမှာ-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၁ (ဈ) အရ ဗဟိုဘဏ်၏ အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် တောင်းခံနိုင်သည့်အတိုးနှုန်းများကို ၀.၅ ရာခိုင်နှုန်း အသီးသီးလျှော့ချရန် ညွှန်ကြားချက် (၁/၂၀၂၀)နှင့် ညွှန်ကြားချက် (၂/၂၀၂၀)များဖြင့် ညွှန်ကြားခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုလျင်မြန်စွာ အထောက်အကူပြုစေရန်ရည်ရွယ်၍ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၁ (ဈ)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အတိုးနှုန်း(Bank Rate)ကို တစ်နှစ်လျှင် (၉.၅) ရာခိုင်နှုန်းမှ (၁.၀) ရာခိုင်နှုန်း ထပ်မံလျှော့ချ၍ (၈.၅) ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်လိုက်ပြီး၊ ဘဏ်များ၏ အပ်ငွေအပေါ်အတိုးနှုန်းနှင့် ချေးငွေအပေါ်အတိုးနှုန်းများကို အောက်ပါအတိုင်း ထပ်မံလျှော့ချ ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ငွေစုစာရင်းအပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှပေးရမည့်အပ်ငွေတို့အပေါ်တွင် ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအောက်(၂) ရာခိုင်နှုန်း (၈.၅%-၂%=၆.၅%) ထက် မနည်းစေရန်၊

(ခ) အောက်ပါအာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက်(၃) ရာခိုင်နှုန်း (၈.၅%+၃%= ၁၁.၅ %) ထက် ကျော်လွန်၍ ကောက်ခံခြင်း မပြုရန်-

- မြေနှင့်အဆောက်အဦ၊ရွှေ-ရွှေထည်ပစ္စည်း၊စိန်နှင့်အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ၊ လက်ရောက်အပေါင် (Pledge)၊ ချေးငွေအာမခံ (Credit Guarantee) ဖြင့် ထုတ်ချေးသည့်ချေးငွေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ သတ်မှတ်သည့် အာမခံပစ္စည်းများ စသည်တို့ကို အခြေပြု၍ ထုတ်ချေးသည့်ချေးငွေများ။

(ဂ) အထက်အပိုဒ် (ခ) ပါ အာမခံပစ္စည်းများမှအပ အခြားအာမခံပစ္စည်းရယူ၍ ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်းမပြုဘဲဖြစ်စေ၊ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် (၆) ရာခိုင်နှုန်း (၈.၅% + ၆% = ၁၄.၅%) ထက် ကျော်လွန်၍ ကောက်ခံခြင်း မပြုရန်။

အဆိုပါ အတိုးနှုန်းထပ်မံလျှော့ချပြင်ဆင်ပြောင်းလဲမှုများသည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။